# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၉ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၁၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




**အမှာစကားပြောကြား**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲတွင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

## ဒို့တာဝန် အရေး(၃)ပါး ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူ

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင် လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များ ပြုလုပ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ စာမျက်နှာ ၈ ကော်လံ ၁ ✳



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၉ ရက်)

# စီမံကိန်းလုပ်ငန်းကြီးများ အမြန်ပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း နိုင်ငံတော်၏စေတနာကိုသိမြင် ညီညီညွတ်ညွတ်လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းများရေးဆွဲ၍ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထူးစီမံကိန်းများအနက် နိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုတစ်ဝန်း တည်ဆောက်ပေးပြီးသော ဆည်တမံပေါင်းမှာ ၂၃၂ ခု ရှိနေပြီဖြစ်သည်။

ဆက်လက်အကောင်အထည်ဖော်သွားမည့် ဆည်တမံစီမံကိန်းများအနက် တာလီရေလွှဲဆည်စီမံကိန်းကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တာလီချောင်းပေါ်၌ တည်ဆောက်မည်ဖြစ်သည်။ ယင်းဆည်ကို တည်ဆောက်ခြင်းဖြင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာအတွင်း လယ်မြေဧက ၃၄၈၆ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ဆက်လက်အကောင်အထည်ဖော်မည့် ဒုတိယစီမံကိန်းမှာ မကွေးတိုင်း ချောက်မြို့နယ် အိုင်ကြီးကျေးရွာအနီး အကြို့ချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် အကြို့ရေလှောင်တမံစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းသည် စိုက်ပျိုးမြေဧရိယာဧက ၁၀၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး စီမံကိန်းဒေသအတွင်း သောက်သုံးရေဖူလုံရုံမျှမက ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အထောက်အကူပြုမည်ဖြစ်သည်။

တတိယစီမံကိန်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် နမ့်ကျန်ရေလှောင်တမံစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းသည် လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ဧကခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ရေကန်ပေါင်း ၂၀အတွင်းသို့ ရေဖြည့်ပေးသွင်းနိုင်မည်ဖြစ်သည်။

စတုတ္ထစီမံကိန်းမှာ ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်သည်။ မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး ရေပေါ်ရေတင် စက်ရုံနှစ်ရုံတည်ဆောက်၍ ရေစုပ်စက်လေးလုံးဖြင့် ဧရာဝတီမြစ်ရေကို ကမ်းပါးပေါ်သို့တွန်းပို့မည်ဖြစ်သည်။ ထပ်ဆင့်ရေတင် အဆင့်ငါးဆင့်ဖြင့် ရေတင်ခြင်းဖြစ်သည်။ နွားထိုးကြီးမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၁၅၀၀၀ကို ရေဖြည့်စွက် ရေပေးဝေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများအကျိုးစီးပွားအတွက် အဓိကကျသော စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်း တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်၏စေတနာကိုသိမြင်လျက် ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် အားထုတ်စွမ်းဆောင်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးလှထွန်းအား တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် အထွေထွေမန်နေဂျာနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာ Mr. Dai Chunning ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

### တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာ Mr. Dai Chunning လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ

### ပုသိမ်မြို့နယ် မူလတန်းကျောင်းများ၌ကျင်းပ



ပုသိမ် ဩဂုတ် ၁၈

ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု စမ်းမြိုင်ကျေးရွာနှင့် ကြည်သာစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၁၀နာရီက ကြည်သာစံပြနှင့် စမ်းမြိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ကျင်းပရာ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ၊ ပုသိမ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြူယဉ်မွန်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။

### ထောက်ပံ့လှူဒါန်း

ထို့နောက် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အသင်းဥက္ကဋ္ဌတို့က ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

## ထူးကြီးအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၈

ထူးကြီးအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး သစ်လုပ်ငန်း ခမ်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်အဘိုး၊ အဘွားများ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင်သားသမီးများနှင့် လှူဒါန်းလိုသော အလှူရှင်တို့သည် ဩဂုတ် ၂၈ရက်နောက်ဆုံးထားပြီး ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့် ဖုန်း-၀၁-၇၃၀၃၈၀၁၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ကြည် ဖုန်း-၀၉-၅၁၀၉၂၄၄၁၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဦး ဖုန်း- ၀၉-၅၁၆၁၈၈၇၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမြင့်သန်း ဖုန်း- ၂၉၄၁၅၀၊ စာရင်းစစ် ဗိုလ်ကြီးစန္ဒာနွယ်(ငြိမ်း) ဖုန်း- ၀၁-၇၃၀၃၃၁၇၅တို့ထံသို့ ကြိုတင်ဆက်သွယ်ကြရန်နှင့် ထူးကြီးအသင်း (ရန်ကုန်)အသင်းဝင်များနှင့် ထူးကြီး မြို့သူမြို့သားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(ထူးကြီးအသင်း)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး



### ရေမြောင်းတူးဖော်

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းရေးအတွက် ကမ်းနားလမ်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ်၇ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဆောင်ရွက်ရာ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

# သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုရမည်

## စုဝေးခြင်းနှင့်ဟောပြောခြင်းပြုလိုပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်

● *ကျောဖုံးမှ*

**စုဝေးခွင့်နှင့် ဟောပြောခွင့်လျှောက်ထားခြင်း**

၄။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ခုနစ်ရက် ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်-

(က) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(ခ) ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(ဂ) အပိုဒ်ခွဲ (က)နှင့် (ခ)ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

၅။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင်စုဝေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လိုပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာကော်မရှင်အဖွဲ့များသို့ ကြိုတင်၍ အသိပေးတင်ပြရန်ဖြစ်သည်။

၆။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၄ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၇။ **လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ။** ခွင့်ပြုမိန့်လျှောက်ထားရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးခြင်းနှင့် ဟောပြောခြင်းများကို တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြလျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြရမည်-

(က) ပြုလုပ်လိုသည့်နေရာ၊

(ခ) ပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန် (ခန့်မှန်း)၊

(ဃ) တက်ရောက်မည့်အင်အား (ခန့်မှန်း)၊

(င) ဟောပြောမည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

၈။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည် အထက်အပိုဒ် ၄၊ ၆နှင့် ၇တို့အရ ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်-

(၁) ခွင့်ပြုသည့် နေ့ရက်နှင့် နေရာ၊

(၂) စတင်ရမည့် အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် သတ်မှတ်သည့်နေရာသို့ အလံများကိုင်ဆောင်၍လည်းကောင်း၊ စီတန်းလှည့်လည်ကြွေးကြော်ချီတက်ခြင်း မပြုရဟူ၍လည်းကောင်း၊ စုဝေးခြင်းနှင့် ဟောပြောခြင်းပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုဘဲ လူစုခွဲရမည်ဟူ၍လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်။

(ဃ) ခွင့်ပြုမိန့် ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်သည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့်လူစုလူဝေးရှိသည့် နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့် ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်းမပြုရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများပိတ်ဆို့ခြင်း မပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် (Sound Box) ကို ခွင့်ပြုသည့် အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် ဟောပြောခြင်းစတင်ပြုလုပ်မည့်အချိန်မတိုင်မီ ၄၈နာရီ ကြိုတင်ထုတ်ပေးရမည်၊ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြလျက် စုဝေးခြင်းနှင့် ဟောပြောခြင်း စတင်ပြုလုပ်မည့်အချိန်မတိုင်မီ ၄၈နာရီ ကြိုတင် အကြောင်းကြားရမည်။

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့်သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့်ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ထားရမည်။

(ဇ) စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

**ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်**

၉။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူအများ သိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက ၁၉၆၂ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ၁၇-၃-၂၀၁၀ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၄၂)ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

**တားမြစ်ချက်များ**

၁၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးခြင်း၊ ဟောပြောခြင်းနှင့် ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲ ဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုး လှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုး လှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း။

၁၁။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို စုဝေးဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေများ၊ ဤကြေညာချက်ပါ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို မဆန့်ကျင်စေရ။

၁၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ဤကြေညာချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေအရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

၁၃။ သို့ဖြစ်၍ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရန် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းများကို ပြုလုပ်ကြရာ၌ ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အီရတ်- အာဖဂန် သတင်းများ

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၈ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၂၉၈၅** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၁၇၂၃**ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၂၉၈၅ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၁၇၂၃ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၈ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၀၈၉**ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၃၉၇၁၁**ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၀၈၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၇၁၁ ဦး |

(အင်တာနက်)

## ဟယ်လ်မန့်ပြည်နယ်၌ ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ နာရေးအခမ်းအနားကျင်းပစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ အနည်းဆုံး ငါးဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အာမာဒီက ဩဂုတ် ၁၆ရက်တွင် ပြောကြားသည်။

**ဗုံးပေါက်ကွဲ**

အဆိုပါဖြစ်စဉ်မှာ ဩဂုတ် ၁၅ရက်က ၎င်းပြည်နယ်ရှိ ဆာဝမ်ကွာလာကျေးရွာ၌ သေဆုံးသူတစ်ဦးအား မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်နေချိန်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ တပ်ဖွဲ့ဝင်စုဆောင်းရေးဌာန၌ ဩဂုတ် ၁၇ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ဆွေမျိုးများအတွက် ယူကျုံးမရ ငိုကြွေးနေကြသူများအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



## အီရတ်၌ ဖြစ်ပွားသည့် သီးခြားတိုက်ပွဲ၌ ကိုးဦးသေဆုံး ၂၀ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အပြင်ဘက်၌ ဩဂုတ် ၁၇ရက်တွင် ဖြစ်ပွားသည့် သီးခြားတိုက်ပွဲ၌ ကိုးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ဩဂုတ် ၁၆ရက်က ဘာဘီလ်ပြည်နယ်တောင်ပိုင်း၌ သေနတ်သမားများက ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်ပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ရာ သုံးဦးသေဆုံးခဲ့သည်။

**သေဆုံး**

အလားတူ ဘဂ္ဂဒက်မြို့တစ်လျှောက် ဖြတ်သန်းမောင်းနှင်လာသည့် ခရီးသည်တင်မီနီဘတ်စ်ကားကို ဗုံးဖောက်ခွဲတိုက်ခိုက်ရာ အရပ်သားတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ဆက်လက်၍ လမ်းဘေးဗုံးသုံးလုံး အဆက်မပြတ် ပေါက်ကွဲရာမှ တစ်ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကတည်းက သေဆုံးသည့် အရပ်သားပေါင်း တစ်သန်းကျော်သွားပြီဖြစ်သည်။ **(အင်တာနက်)**



## ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်

### ၆၁ဦးသေဆုံးပြီး ၁၀၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၈

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တပ်ဖွဲ့ဝင်များစုဆောင်းရေးဌာန၌ ဩဂုတ် ၁၇ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၆၁ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနီးတစ်ဝိုက်ရှိ ပြည်သူ ၁၀၀ကျော်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်က ယခုလကုန်ပိုင်းတွင် အီရတ်၌ စစ်ဆင်ရေးဆင်နွှဲမှုများအဆုံးသတ်ရန် ပြင်ဆင်နေချိန် ယင်းတိုက်ခိုက်မှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်တက်**

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများသည် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်းက ကျဆင်းခဲ့သော်လည်း ယခုနှစ် ဇူလိုင်လတွင် အရပ်သားများသေဆုံးမှု သိသိသာသာ မြင့်တက်လာသည်ဟုဆိုသည်။

ဘဂ္ဂဒက်နှင့် အန်ဘာပြည်နယ်တို့တွင် နေ့စဉ် အီရတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားလျက် တိုက်ခိုက်မှုများ ဖြစ်ပွားနေကြောင်း၊ ဩဂုတ်လ ပထမနှစ်ပတ်အတွင်း ၃၀သေဆုံးခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**



အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှု ကြောင့် ဒဏ်ရာရသွားသော ကလေးငယ်အား ဆေးရုံ၌ ဖခင်ဖြစ်သူက နှစ်သိမ့်လျက်ရှိသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများ ဖြစ်ပွား

*ဘဂ္ဂဒက် ဩဂုတ် ၁၈*

*အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၁၇ရက်က ဖြစ်ပွားသော သတင်းအချို့ကို ဖော်ပြရပါလျှင်-*

*ဘဂ္ဂဒက်*

*ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ခြောက်ဦး သေဆုံးပြီး လူ ၂၅ဦး ဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ မော်တော်ကား တစ်စီးပေါ်မှ သေနတ်ဖြင့် ပစ်သွားသဖြင့် သုံးဦး ဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက် အနောက်ပိုင်း၌ ကားပေါ်မှ ဗုံးတစ်လုံး ပစ်ချသွား၍ နှစ်ဦး ဒဏ်ရာရရှိသွားသည်။*

*ဒီယာလာ*

*ဒီယာလာပြည်နယ်တွင် ချောင်းမြောင်း ပစ်ခတ်ခံရမှုကြောင့် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နှစ်ဦး သေဆုံးသွားသည်။*

*ကယ်ကွတ်*

*ဘဂ္ဂဒက် မြောက်ဘက် ၁၅၅မိုင်အကွာ ကယ်ကွတ်မြို့ တောင်ပိုင်း၌ သေနတ်သမားများက ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်သဖြင့် နှစ်ဦး သေဆုံးသွားသည်။*

*မိုဆူးလ်*

*မိုဆူးလ်မြို့ အရှေ့ပိုင်း၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ကားတစ်စီးအတွင်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးလျက် တွေ့ရသည်။*

*အမ်အင်န်အေ၊ရိုက်တာ*

## အာဖဂန်နိုင်ငံတစ်ဝန်း အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွား

*ကဘူးလ် ဩဂုတ် ၁၈*

***အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။***

*ကဘူးလ်*

***အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကဘူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အလားတူ အာဖဂန်နစ္စတန် အနောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။***

*ပက်တီယာ*

***ပက်တီယာပြည်နယ်တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦး အပါအဝင် သူပုန်ဟု သံသယရှိသူ နှစ်ဦးကို အာဖဂန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။***

*လော်ဂါ*

***လော်ဂါပြည်နယ်တွင် လွန်ခဲ့သောလက အမေရိကန် သဘော်သားတစ်ဦးအား သတ်သည်ဟု သံသယရှိသူ၊ လမ်းဘေးဗုံး ဖောက်ခွဲမှုများ ပြုလုပ်သည်ဟု သံသယရှိသူ ဘစ်တယ်ဆိုသူအား အာဖဂန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့က ပစ်သတ်လိုက်သည်။***

*ဟယ်လ်မန့်*

***ဟယ်လ်မန့်ပြည်နယ် တောင်ပိုင်းတွင် ဩဂုတ် ၁၆ရက်က သူပုန်ခေါင်းဆောင် တစ်ဦးအား ဖမ်းဆီးလိုက်သည်။***

*ကန်ဒုဇ်*

***ကန်ဒုဇ်ပြည်နယ် မြောက်ပိုင်းတွင် တာလီဘန်ခေါင်းဆောင်တစ်ဦးအား လိုက်လံရှာဖွေနေစဉ် အာဖဂန်နှင့် နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က သူပုန်ခြောက်ဦးအား ပစ်သတ်လိုက်သည်။***

*ဖော့*

***ဖော့ပြည်နယ် အနောက်ပိုင်းတွင် ဩဂုတ် ၁၆ရက်က သူပုန်များ၏ လက်ချက်ကြောင့် အာဖဂန် အစိုးရအရာရှိ တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။***

*အမ်အင်န်အေ၊ ရိုက်တာ*

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### အီရန်၌ တိုက်လေယာဉ်ပျက်ကျ

*အီရန်နိုင်ငံ ဘူရှီးရားပြည်နယ်တောင်ပိုင်း ကျွန်းတစ်ကျွန်းအနီး၌ ဩဂုတ် ၁၈ရက် နံနက်က အက်ဖ်-၄တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးမှာ အချိန်မီ လေထီးဖြင့် ခုန်ထွက်နိုင်သဖြင့် အသက်ဘေးမှကင်းဝေးခဲ့ရကြောင်း အီရန်စစ်ဘက်က ပြောကြားသည်။ (အောက်ပုံ)*



### အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မည်

*တောင်ကိုရီးယားနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းစစ်ရေးလေ့ကျင့်မှု၌ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ နှင့် ပြည်သူများပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၈ရက်က သတင်းထုတ်ပြန်သည်။*

### ဆီးရီးယားအကူအညီပေးရေးလေယာဉ် ပါကစ္စတန်သို့ရောက်ရှိ

*ပါကစ္စတန်ရေဘေးအတွက် ဆီးရီးယားမှ ထောက်ပံ့အကူအညီပေးရေးလေယာဉ် သည် အစားအစာနှင့်ဆေးဝါးတန်ချိန် ၃၀ခန့်တင်ဆောင်ကာ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာ ဘတ်မြို့သို့ ဩဂုတ် ၁၈ရက်က ဆိုက်ရောက်လာကြောင်း သတင်းထုတ်ပြန်သည်။*

### ဟန်ွိုင်း၌ ကုန်စည်ပြပွဲကျင်းပမည်

*ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ အောက်တိုဘာလတွင်ကျရောက်မည့် ဟန်ွိုင်းမြို့ တည်ထောင်သည့် နှစ်(၁၀၀၀)ပြည့် အထိမ်းအမှတ်ကုန်စည်ပြပွဲကို အောက်တိုဘာလ၌ ကျင်းပရန် စီစဉ်ထားကြောင်း ဩဂုတ် ၁၈ရက်က သတင်းထုတ်ပြန်သည်။*

### တောင်အာဖရိကသမ္မတ တရုတ်သို့ အလည်လာမည်

*တောင်အာဖရိကသမ္မတ ဂျာကော့ဘ်ဇူးမားသည် တရုတ်နိုင်ငံသို့ ဩဂုတ် ၂၃ရက်မှ ၂၆ရက်အထိ အလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း၊ တရုတ်သမ္မတဟူကျင် ထောင်း၏ ဖိတ်ကြားချက်အရဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။*

### ဂျပန်၌ နလုံးရောဂါအဖြစ်များ

*ဂျပန်နိုင်ငံတစ်ဝန်း ယခုနှစ် မေ၃၁ရက်မှ ဩဂုတ်၁၅ရက်အထိ နလုံးရောဂါ တိုက်ခိုက်ခံရမှုဝေဒနာဖြင့် ဆေးရုံများသို့ လူနာ ၃၁၀၀၀တက်ရောက်ခဲ့ရာ ၁၃၂ဦးသေဆုံး ခဲ့ကြောင်း ဂျပန်ကျန်းမာရေးအရာရှိများက ဩဂုတ် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။*

### ရုရှား၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

*ရုရှားနိုင်ငံ ကော့ကေးဆပ်ဒေသရှိ အောစီးတီးရာအရပ်၌ ဩဂုတ် ၁၈ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ရဲအရာရှိတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

### အင်ဒိုနီးရှား၌ လျှော်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်တွင် ဩဂုတ် ၁၈ရက်က ရစ်ချ်တာစကေး ၆ရှိ လျှော်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။*

### တရုတ်တောင်ပိုင်း၌ မိုးသည်းထန်

*တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် ဩဂုတ်၁၈ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ စီချွမ်မြို့ဝန်းကျင်၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တရုတ် အရာရှိများက ပြောကြားသည်။ ။ (အင်တာနက်)*



## ဝူရှူး ဒိုင်စာမေးပွဲဖြေရန် ပြည်ပသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသန့် (မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)နှင့် ဦးအောင်စည်သူ(မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)တို့သည် ဩဂုတ် ၁၈ရက်မှ ၂၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပေကျင်းမြို့) အပြည်ပြည်ဆိုင်ရာ ဝူရှူး အဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီး စာမေးပွဲဖြေဆိုရန် ယမန်နေ့ မွန်းလွဲ၂နာရီ က လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန် ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိ မိသားစုများက ဩဂုတ် ၁၆ရက်တွင် ကျရောက်သည့် နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ် နှစ်ပတ်လည်နေ့အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## သရက်မြို့၌ မြောင်းများ တူးဖော်ဆောင်ရွက်

သရက် ဩဂုတ် ၁၈

သရက်မြို့ မြို့တွင်း လမ်းဘေးဝဲယာများရှိ ရေမြောင်းများတွင် ရေစီးရေလာ ကောင်းမွန်စေရေး၊ ခြင်၊ ယင်များ မပေါက်ပွားစေရေးတို့အတွက် ရေမြောင်းများ တူးဖော် ရှင်းလင်းမှုကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ရက်က ပဋ္ဌိက္ခရာလမ်းရှိ ရေမြောင်းများကို တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့ပြီး အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြလင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အဖြစ် ဩဂုတ်၁၃ရက်က သဃ်န်းကျွန်း မြို့နယ် အမှတ်(၁၅) အခြေခံပညာမူလ တန်းကျောင်း၌ အလှူရှင် မကြည်သာ မြတ်နိုး(တတိယတန်း)က ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး လှူဒါန်းစဉ်။** (ပညာရေး)

**ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ တက်ဆိပ်ချောင်းအတွင်းရှိ အမှိုက် သရိုက်နှင့် အညစ်အကြေးများ၊ ဗေဒါပင် များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်)ဦးမျိုးထိုက်ဝင်းနှင့် သန့်ရှင်းရေးဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)



## ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်အား MRC ဥက္ကဋ္ဌ ခေါင်းဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အခြေစိုက် မဲခေါင်မြစ်ကော်မရှင် (MRC)ဥက္ကဋ္ဌ Mr. Jeremy Douglas Bird ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနှင့် လာအိုနှစ်နိုင်ငံ အကြား ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရာသီစိုက်ပျိုးပွဲတော် ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော် ဩဂုတ် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မလိယန်ကျေးရွာ၌ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ ဝိုင်းမော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတီလုကျန်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးနှင့် ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ တပျော်တပါး သစ်ပင်စိုက်ပျိုးကြသည်။

### စုပေါင်းစိုက်ပျိုး

ယင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ **(အောက်ပုံ)**နှင့်အတူ တက်ရောက်လာသူ များက ရတနာတန်းဝင် ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဇေယျာဝတီရပ်ကွက် သခင်မြပန်းခြံလမ်းရှိ Western Park I စားသောက်ဆိုင်ပိုင်ရှင်၊ မန်နေဂျာနှင့် ဝန်ထမ်းများအား မီးဘေး ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု၊ ဂက်စ်အိုးများသုံးစွဲမှု သရုပ်ပြပွဲ ကို ဩဂုတ် ၁၂ရက်က ကျင်းပရာ အခမ်းအနားသို့ အလုံမြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဆွေ၊ မြို့နယ်မီးသတ်စခန်းမှ တာဝန်ခံဒုတိယဦးစီးမှူး ဦးလှသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)





# ဝန်ထမ်းများ အရည်အသွေးပြည့်မီတိုးတက်အောင် လေ့ကျင့် စက်စွမ်းအားပြည့် လည်ပတ်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၁၈) (သန်လျင်-၁)သို့ ရောက်ရှိပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုနှင့်(အပေါ်ပုံ) (CNG) ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ (CNG) နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

## လေ့ကျင့်

ရှေးဦးစွာ ဝန်ကြီးသည် CNG အရောင်းဆိုင်အတွင်း Compressor များ ဖြင့် သဘာဝဓာတ်ငွေ့ ဖိအားမြှင့်တင်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဖိအား ပြည့်မီအောင် ဂရုတစိုက် ဖြည့်ဆည်းပေးရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ဝန်ထမ်းများအရည်အသွေး ပြည့်မီ တိုးတက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် သဘာဝဓာတ်ငွေ့ လာရောက်ဝယ်ယူ ဖြည့်သွင်းကြသည့် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး မော်တော်ယာဉ်များတွင် ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

## ကြိုးပမ်း

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်၍ စက်ရုံအရာထမ်း/ဌာနမှူးကြီးများနှင့် တွေ့ဆုံကာ စက်ရုံ စက်စွမ်းအားပြည့် လည်ပတ်ရေး ဝန်ထမ်းအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘောဇကလပ်အသင်းအား မြို့မိမြို့ဖများနှင့်မိတ်ဆက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၈

**ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စံပြကျောင်းဆုပေးပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်၍ အမှာစကား ပြောကြားသည်။**

## ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျောင်းကျန်းမာရေးလှုပ်ရှားမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး စံပြကျောင်းဆု ရရှိသည့် အခြေခံပညာကျောင်းများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် Myanmar National League ကမ္ဘောဇကလပ်အသင်းအား မြို့မိမြို့ဖများနှင့် မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ ဘောလုံးနှင့် ဂိုးဖမ်းပိုက်များ ပေးအပ်လှူဒါန်းမှုကို လက်ခံသည်။

ထို့နောက် ကမ္ဘောဇကလပ်အသင်း ဥက္ကဋ္ဌက အသင်း၏ အမည်စာရင်းကို ပေးအပ်ရာ တိုင်းမှူးက လက်ခံပြီး အောင်နိုင်ရေး အလံ ပြန်လည်ပေးအပ်သည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကမ္ဘောဇကလပ်အသင်း ဘောလုံးကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဘောလုံးအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ရက် နံနက်ပိုင်းက ပြည်နယ်ကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ လွိုင်ကော်ခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ လွိုင်ကော်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

## ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီယိုက အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုမ္ပဏီမိတ်ဆက်ပွဲနှင့်ဆေးဘက်ဆိုင်ရာရှင်းလင်းပွဲ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဒုတိယအကြီးဆုံး ကုမ္ပဏီဖြစ်သည့် Incepta ဆေးကုမ္ပဏီ၏ Company Launching Program & Scientific Seminar ကို ဩဂုတ် ၈ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။




ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Major General Anup Kumar Chakma, ndc, psc က အမှာစကား ပြောကြားသည်။

## ရှင်းလင်း

ဆက်လက်၍ Incepta Co.၏ Business Development Manager Mr. Rakib Nazir က ကုမ္ပဏီမိတ်ဆက်ပွဲနှင့် ဆေးဘက်ဆိုင်ရာ ရှင်းလင်းဟောပြောပွဲ ကျင်းပရခြင်းကို ရှင်းလင်း ပြောကြားသည်။

## ဖတ်ကြားတင်သွင်း

ထို့နောက် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း၊ ပါမောက္ခဒေါက်တာကျော်စိုးထွန်း၊ ပါမောက္ခ ဒေါက်တာဝင်းနိုင်နှင့် ဒေါက်တာညိုမီခိုင်သန်းလှိုင်တို့က Chronic Hepatic-B စာတမ်း ဖတ်ကြားတင်သွင်းသည်။ စာတမ်းဖတ်ပွဲတွင် Seminar Organizer အဖြစ် ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းကလည်းကောင်း၊ Chair Person အဖြစ် ပါမောက္ခ ဦးသိန်းစောနှင့်ပါမောက္ခဒေါ်သန်းသန်းဆွေတို့က လည်းကောင်း ဆောင်ရွက်ကြသည်။

ယင်းနောက် Incepta Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ Mr. Abdu Muktadir က ကျေးဇူးတင်စကားပြောကြားပြီး ဆေးဝါးသစ်များကို မိတ်ဆက်တင်ပြ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



ဩဂုတ် ၇ရက်က အထက ငါးသိုင်းချောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသော မမေသွယ်စိုး၊ မစောဆုရွှေ၊ နော်မေသံလွင်နှင့် မချိုသီရိတို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ဆုများပေးအပ် ချီးမြှင့်စဉ်။ (ပညာရေး)

# ငါးမျိုးပြန့်ပွားပြီး အထွက်နှုန်းတိုးရေး သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**သာပေါင်း ဩဂုတ် ၁၈**

သဘာဝရေပြင်များတွင် ငါးမျိုးပြန့်ပွားရေး၊ အထွက်နှုန်းတိုးတက်စေရေးနှင့် ကျေးလက်ဒေသနေ ရေလုပ်သားများ ဝင်ငွေတိုးတက်စေရေးအတွက် သဘာဝရေပြင်များအတွင်း ငါးသန်ကောင်ရေ ခုနစ်သိန်း ငါးသောင်း မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သာပေါင်းမြို့နယ် ကျုံကဒွန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

## ငါးမျိုးစိုက်ထည့်

ငါးလွှတ်ရာသို့ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးလှဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေရွှေဝါ ရေနက်ကွင်းကုမ္ပဏီ အင်းသားကြီးများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ ပါဝင်ကြ၍ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားဗီးယား၊ ရွှေဝါငါးကြင်းများကို ငါးမျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဦးစီးဌာနမှူး ဦးကျော်မင်းက ငါးသယံဇာတထိန်းသိမ်းရေး အကြောင်း သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲ သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

**သံဖြူဇရပ် ဩဂုတ် ၁၈**

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသူရက အာဟာရ အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးတို့က ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြသည်။

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသည့် အစားအစာနှင့် ဆေးဝါးများ၊ ကလေးအနှီး ပိတ်စများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





# လက်မှတ်ရ စာရင်းကိုင် သင်တန်း ဖွင့်မည်

**တောင်ကြီး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သမဝါယမသင်တန်းကျောင်း၌ စက်တင်ဘာ ၆ရက်မှ ဒီဇင်ဘာ ၁၇ရက်အထိ လေးလကြာမြင့်မည့် လက်မှတ်ရ စာရင်းကိုင် သင်တန်း (၂၅/၂၀၁၀) (Certificate in Book-keeping and Accountancy Course)ကို ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတွင်သင်ကြားမည့် ဘာသာရပ်များအနေဖြင့် Book-keeping & Accountancy၊ Advanced Accounting၊ Computerized Accounting (MYOB) တို့ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အစိုးရအသိအမှတ်ပြု CBA အောင်လက်မှတ်ရမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီး ဖုန်း-၀၈၁-၂၁၃၂၀နှင့် ၀၉-၅၂-၁၄၅၆၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(တောင်ကြီး/ကိုယ်ပွား)**



# အားကစားဝန်ကြီး သူရဦးအေးမြင့်

## လူငယ်အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌH.E. Teo Chee Hean ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၄ရက် ည ၈နာရီက စင်ကာပူသမ္မတနိုင်ငံ Marina Bay တွင် ကျင်းပသော ပထမအကြိမ် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့ကြသည်။**

ပထမအကြိမ် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲကို ဩဂုတ် ၁၄ရက်မှ ၂၆ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံပေါင်း ၂၀၄ နိုင်ငံမှ လူငယ်အားကစားသမား ၃၆၀၀ကျော်တို့ အားကစားနည်း ၂၆ မျိုးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာနိုင်ငံမှ မြားပစ်၊ တိုက်ကွမ်ဒို၊ အလေးမ၊ ပြေးခုန်ပစ် အားကစားနည်းများ၌ လူငယ် အားကစားသမား လေးဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

### အားပေး

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၅ရက် နံနက်ပိုင်းက Nanyang Technical University ရှိ လူငယ်အိုလံပစ်အားကစားရွာသို့ သွားရောက်ခဲ့ပြီး ပြိုင်ပွဲဝင်ရန် ရောက်ရှိနေကြသော မြန်မာ့လက်ရွေးစင် လူငယ်အားကစားသမားများအား တွေ့ဆုံအားပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

### တက်ရောက်

ထို့နောက် ညပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ H.E.Teo Chee Hean က အရှေ့တောင်အာရှဒေသနိုင်ငံများမှ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား Mandarin Oriental Hotel-Dolce Vita ခန်းမ၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ရက် နံနက် ၉နာရီက စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ၌ စင်ကာပူအားကစားကောင်စီ အမှုဆောင်အရာရှိချုပ် Mr.Oon Jin Teik ၏ ဖိတ်ကြားချက်အရ ကျင်းပသော Breakfast Network Session-ASEAN Sports Commissions အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၁၀
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ပျား၏ထုံးနှင့်ခြပုံးပမာ**
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၅ ၅။ မျိုးချစ်တပ်မတော်
၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၄၀)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၄၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၆)
၂၃။ ဂီတရင်ခုန်သံ

# မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း နည်းပညာဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က MCPA Laboratory ကို ဩဂုတ် ၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၁)ရှိ Laboratory ၌ ဖွင့်လှစ်မည်ဖြစ်ရာ MCPA Laboratory သည် MCPA အသင်းသားများ၏ နည်းပညာဆိုင်ရာ လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Practical on Network Cabling and Wireless Network Installation, Configuration လက်တွေ့သင်ခန်းစာများကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင်များဖြစ်သော ဦးအောင်စိုးမိုး၊ ဦးအောင်ဇော်မြင့်၊ ဦးဇော်ဝင်းထွန်းနှင့် ဦးရဲကျော်သိန်းတို့က ဩဂုတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### ဆက်သွယ်စုံစမ်း

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်လေ့ကျင့်နိုင်ပြီး ဩဂုတ် ၂၀ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း-၄ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ခန်းပိုင်ရှင်များအား မီးသတ်ဆေးဘူး အသုံးပြုပုံကို ဩဂုတ် ၁၀ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီ ရှင်းလင်းပြသရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်၊ ဒုတိယဦးစီးမှူး ဦးနေဝင်းနှင့်အတူ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ ကြည့်ရှုလေ့လာစဉ်။**

(မြို့နယ်စည်ပင်)

# သဘာဝပတ်ဝန်းကျင် အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲ မြဝတီ၌ကျင်းပ



မြဝတီ ဩဂုတ် ၁၈

မြဝတီခရိုင် မြဝတီမြို့နယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၉ရက်က အမှတ်(၅)ရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းခွဲ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း **(အပေါ်ပုံ)**နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ထွန်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ကျွန်းပင်၊ ယူကလစ်ပင်နှင့် အခြားသစ်မျိုးစုံ စုစုပေါင်း အပင်၂၀၀ စိုက်ပျိုးကြသည်။ **(၁၀၁)**

# ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၁၈**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၂)တွင် Political Times အထူးအချပ်ပိုအပါအဝင် တရုတ်နဲ့ အိန္ဒိယဆီက ဘာတွေကိုယ့်အတွက် ကျန်အောင် လုပ်ယူမလဲ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီနက် တလီဂွါဝါနှင့် တွေ့ဆုံခြင်းနှင့်အတူ ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရွေးကောက်ပွဲပြုလုပ်မည့်ရက် ထုတ်ပြန်ကြေညာ၊ ပြည်ထောင်စုဒီမိုကရေစီ ပါတီဥက္ကဋ္ဌသစ် ဦးသိန်းဌေးနှင့် တွေ့ဆုံခြင်း၊ ဆရာမောင်စူးစမ်းရေးသားသည့် ရွေးကောက်ပွဲဆန့်ကျင်ရေးနှင့် နိုင်ငံရေးသူငယ်နာ၊ ဆရာမောင်ဝံသရေးသားသည့် အကျင့်ပျက်ခြစားမှု နိုင်ငံတကာရောဂါ၊ ဆရာမောင်သာနုရေးသားသည့် နိုင်ငံရေးပါတီများ ဆက်လက်ရှင်သန်ရန်လိုသည်စသည့် နိုင်ငံရေး သုံးသပ်ဆောင်းပါးများ၊ ကမ္ဘောဇဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်နှင့် တွေ့ဆုံခြင်း၊ ပဲဈေးကွက်အတွင်း အကျိုးအမြတ်အတွက် ရေတို ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်ပပို့ရန် အခက်ကြုံ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ဒဏ်ကြေးကင်းလွတ်ခွင့်ပြု၊ ငွေကျပ် ငါးသိန်းတန် CDMA -450 MHz ဖုန်းများ နေပြည်တော်တွင် ကြိုတင်ငွေပေးကတ်စနစ်ပြောင်းလဲ၊ ဆွမ်းဆန်စိမ်းအလှူခံယာဉ် မတော်တဆဖြစ်၊ အဝေးပြေးကားလက်မှတ်များ အွန်လိုင်းမှ ဝယ်ယူနိုင်တော့မည်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ တယ်လီဖုန်းများနှင့် လုံခြုံစိတ်ချမှု၊ အကသမားဆိုတာ အမြဲ Strong ဖြစ်ဖို့လိုပါတယ် Uranium မှ ခိုင်လေးနှင့် တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အလုပ်သမားများဘက်သို့ ဦးစားပေးသည့်လမ်းကြောင်း တောင်ကိုရီးယားသမ္မတ ပြောင်းလဲလာ၊ စီးပွားရေးလောကမှ လုပ်ငန်းရှင်တစ်ဦး ပြိုပျက်နေသော နယူးစ်ဝိခ်မဂ္ဂဇင်းကို ဝယ်ယူခြင်းက ကံဆိုးခြင်းဖြစ်လေမလား၊ အာဆီယံအနေဖြင့် နျူကလီးယား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် အီးယူထံမှ သင်ယူသင့်ဟုဆို၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖားမျိုးစိတ် ၁၀၀ကို ရှာဖွေမည်၊ အိန္ဒိယနှင့် တရုတ်တို့ ကားရောင်းချရမှုနှုန်း မတူညီသောပုံစံဖြင့် မြင့်တက်နေ၊ ကန်သမ္မတကတော်၏ အပန်းဖြေခရီးက အိမ်ဖြူတော်အတွက် ပြောစရာဖြစ်လာ၊ အမေရိကန်တွင် ၁၅နှစ်ကျော် နေထိုင်ခဲ့သော အယ်လ်ခိုင်ဒါအရေး လှုပ်ရှားဆောင်ရွက်သူ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်လှုပ်ရှား ဆောင်ရွက်မှုများ၏ ခေါင်းဆောင်ဖြစ်ဟုဆို၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း ဧရာဝတီတိုင်း ပုသိမ်မြို့၌ဖွင့်

**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅/၂၀၁၀)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အမျိုးသားသဘာဝဘေး ကြိုတင်ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကျော်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က တိုင်းနှင့်ပြည်နယ်အလိုက် သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်နေမှု၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။ **(တိုင်း ပြန်/ဆက်)**





# အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၈

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင် အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပါတီဝင် အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀) ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၈)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွှန့် မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာအဝင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

## ပန်းတနော်မြို့နယ် ကျုံပတော-အစုကြီး ကျောက်ချောလမ်းသစ်ဖွင့်

## ပြည်သူများ ရန်ကုန်-ပုသိမ်-ပန်းတနော်သို့ ရာသီမရွေးသွားလာနိုင်

ရန်ကုန် ဩဂုတ် ၁၈

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွှန့်သည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြောင်းမြမြို့နယ် မဒေါ့ပင် ကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အဆိုပါ မဒေါ့ပင်ကျေးရွာအဝင် ကျေးလက် ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ပေ ၅၀၀၀၊ အကျယ် ရှစ်ပေ ရှိသည်။ ယခု ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် ကြာဖူးငုံ၊ လက်ပန်၊ ခနဲ့ချောင်း၊ ကျုံဝါး၊ မဒေါ့ပင်၊ သပြေချောင်၊ ကံကြီး ကျေးရွာများနေ ကျေးလက်ပြည်သူအတွက် မြောင်းမြ-ရန်ကုန် ကားလမ်းမကြီးသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အခြေအနေများ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

### တက်ရောက်

ထို့နောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ပန်းတနော်မြို့နယ် ကျုံပတော-အစုကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

အဆိုပါ ကျုံပတော- အစုကြီး ကျေးလက် ကျောက်ချောလမ်းသည် လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၀ပေ ရှိသည်။ အဆိုပါလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ကျုံပတော၊ အစုကြီးကျေးရွာမှ ပန်းတနော်-ဝါးခယ်မ ကားလမ်းသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့်အပြင် ပန်းတနော်မြို့နယ် ဇရပ်လှကြီး ကျေးရွာအုပ်စု၊ ကျုံတိုင်းကလေး ကျေးရွာအုပ်စု၊ ခတ္တိယ အထက် ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၆ ရွာနေ ကျေးလက် ပြည်သူများ အတွက်ပါ ရန်ကုန်၊ ပုသိမ်၊ ပန်းတနော်မြို့များသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မစ္စစ်ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်အား နော်ဝေးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နော်ဝေးနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စစ်ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

### စတင်တာဝန်ထမ်း

မစ္စစ်ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်သည် ၁၉၆၂ခုနှစ် မေ ၁၅ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၃ခုနှစ်တွင် ပြည်သူ့ရေးရာ ဥပဒေဘွဲ့နှင့် ၁၉၈၇ခုနှစ်တွင် စီးပွားရေးဆိုင်ရာအုပ်ချုပ်မှု မဟာဘွဲ့ ရရှိခဲ့သည်။ ၄င်းသည် ၁၉၈၈ခုနှစ်တွင် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံတို့ရှိ နော်ဝေး သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၂၀၀၈ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီ၌ အလုပ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ခုနှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

မစ္စစ်ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ ၄င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေး သုံးဦးရှိသည်။ (သတင်းစဉ်)

*စာမျက်နှာ ၉မှ*

ဆန္ဒခံယူပွဲ ကျင်းပခဲ့သည့် နေရာတွင် တစ်နိုင်ငံလုံးက ၉၂ ဒသမ ၄၈ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ကြသည့်အတွက် ပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်မျှ တန်ဖိုးထားခဲ့သည် ဆိုသည်ကို တွေ့မြင်နိုင်ပါကြောင်း။

**မြန်မာ့သမိုင်းတွင် ပါတီနိုင်ငံရေး သမားလက်ထဲကို နိုင်ငံဦးဆောင်မှု တာဝန်များအပ်ခဲ့စဉ်က မိမိအာဏာရရှိရေးနှင့် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုများကြောင့် အမျိုးသား အကျိုးစီးပွားလမ်းကြောင်းမှ သွေဖည်လွဲချော်သွားသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု စိတ်ဓာတ်ရှိသည့် အမျိုးသားနိုင်ငံရေး သမားများ၊ ကျွမ်းကျင်သူ အသိပညာရှင် အတတ်ပညာရှင်များနှင့် အမျိုးသား အင်အားစုများဖြစ်သည့် တပ်မတော်သား များက အပြန်အလှန် ထိန်းညှိ ဆောင်ရွက်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာမည် ဖြစ်ပါ ကြောင်း။**

### ရဲဘော်ရဲဘက်စိတ်ထား

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် မိမိတို့ ဒီကေဘီအေတပ်ဖွဲ့ဝင်များကိုလည်း နယ်စပ်ဒေသများ ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ စေတနာ၊ မေတ္တာတရားတို့ဖြင့် ရဲဘော်ရဲဘက်စိတ်ထားရှိပြီး ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ တရားဝင် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့် နယ်ခြားစောင့်တပ်များအဖြစ် ဖွဲ့စည်းပေးခဲ့သည်ကို အထူး ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်က နယ်ခြားစောင့်တပ်များကို တပ်မတော်သားများနည်းတူ လစာ၊ ရိက္ခာ၊ နေစရာ စသည်ဖြင့် ထုတ်ပေးထောက်ပံ့သကဲ့သို့ နယ်ခြားစောင့်တပ်များတွင် မပါဝင်သည့် အသက်အရွယ်ကြီးသူများ၊ ထိခိုက်ဒဏ်ရာရရှိပြီး မသန်စွမ်းဖြစ်နေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ ဒီကေဘီအေ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များမှ နယ်ခြားစောင့် အသွင်ကူးပြောင်း ထမ်းဆောင်သွားကြသည့် တပ်ဖွဲ့ဝင်များကလည်း တပ်မတော်နှင့်လက်တွဲပြီး နယ်ခြား ဒေသများကို အပြည့်အဝ လုံခြုံမှုရှိအောင် သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်သွားကြမည် ဖြစ်သကဲ့သို့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်အဖြစ် မပါဝင်သည့် အသက်အရွယ်ကြီးသူများက လည်း နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ဦးလည်မသုန် ထမ်းဆောင် သွားမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြား သည်။

### ပေးအပ်

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယခု ဖွင့်လှစ်သော နယ်ခြားစောင့်တပ်များအတွက် ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေများကို တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများကိုယ်စား တပ်မှူးတစ်ဦးက လက်ခံသည်။ ဆက်လက်၍ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံ ဒိုးအဖွဲ့များမှ ကရင် တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရအလှများနှင့် ငြိမ်းချမ်းရေး ပန်းခင်းတေးသီချင်းတို့ကို သံပြိုင် သီဆို၍ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်း ကခုန်ဆင်နွှဲကြသည်။

### ပျော်ဖြေတင်ဆက်

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များ ဖြစ်ကြသော ကွမ်ဘီကျေးရွာ ကရင်ဒိုးယိမ်းအဖွဲ့၊ ထုံးအိုင် တိုင်းရင်းသား မွန်အကအဖွဲ့၊ နောင်ကမြိုင် ကျေးရွာ ကရင်ဒိုးယိမ်းအဖွဲ့၊ မြိုင်ကလေး ပအိုဝ်း အကအဖွဲ့၊ နောင်တလုံကျေးရွာ ကရင် ဒိုးယိမ်းအဖွဲ့၊ လှာကမြိုင်ကျေးရွာ ကရင် ဒိုးယိမ်းအဖွဲ့၊ မြိုင်ကြီးငူ အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့နှင့် ဒိုင်းပြကျေးရွာ ကရင် ဒိုးယိမ်းအဖွဲ့တို့ကလည်း တိုင်းရင်းသား ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်း အနား အထိမ်းအမှတ်အဖြစ် မင်္ဂလာမုခ်ဦး အနီးရှိ သတ်မှတ်နေရာများ၌ သစ်ပင်များ ကို စိုက်ပျိုးပေးကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များသည် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်ခြား စောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နယ်ခြားစောင့်တပ် ဖွဲ့စည်းရာတွင် မပါဝင်သူများနှင့် မသန်စွမ်းသူ များအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်း အနားသို့ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ် ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာ စားပွဲကို မြိုင်ကြီးငူဒေသ သစ္စာလင်းမြိုင် ခန်းမ၌ ကျင်းပခဲ့ပြီး ဆက်လက်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က မြတ်ပန်းဝတ်မှုံခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

### ပြည်ထောင်စုစိတ်ဓာတ်

**နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင် ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ် ဒေသများ ထာဝရတည်ငြိမ် အေးချမ်း စေရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တရားဝင်လက်နက် ကိုင်ဆောင်ကာ နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခွင့်ရရှိကြတော့ မည်ဖြစ်၍ ဂုဏ်ယူ ဝမ်းမြောက်လျက် ရှိကြောင်း သိရသည်။**

အလားတူ **ဒေသခံပြည်သူများ အနေဖြင့်လည်း ၄င်းတို့၏ လူမှုစီးပွားရေး ဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရ ငြိမ်းချမ်းရေး အတွက် လည်းကောင်း မိမိဒေသ မိမိ နယ်မြေ၌ ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်း ဖြစ်ပေါ်လာမှုကို ဝမ်းမြောက် ဝမ်းသာ ဂုဏ်ပြုကြိုဆို အားပေးလျက်ရှိ** ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဝါခေါင်မိုး

၁၈-၈-၂၀၁၀

| | |
|---|---|
| နေပြည်တော် (ရေဆင်း) | ၂ဒသမ ၇၆ လက်မ |
| နေပြည်တော် (ပို့ဆောင်ရေးဝန်ကြီးရုံး) | ၁ဒသမ ၀၆ လက်မ |
| နေပြည်တော် (ပျဉ်းမနား) | ၀ဒသမ ၇၉ လက်မ |
| နေပြည်တော် (တပ်ကုန်း) | ၀ဒသမ ၇၉ လက်မ |
| ကန့်ဘလူမြို့ | ၄ဒသမ ၄၉ လက်မ |
| ပြည်မြို့ | ၄ဒသမ ၂၁ လက်မ |
| သပိတ်ကျင်း | ၃ဒသမ ၇၈ လက်မ |
| ပူတာအိုမြို့ | ၃ဒသမ ၃၉ လက်မ |
| သိမ်ဇရပ်မြို့ | ၃ဒသမ ၀၃ လက်မ |
| ဗန်းမော်မြို့ | ၂ဒသမ ၂၇ လက်မ |
| သံတောင်ကြီးမြို့ | ၂ဒသမ ၃၂ လက်မ |

## မြန်မာနိုင်ငံလက်မှတ်ရ

## ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဩဂုတ် ၁၈

စာရင်းစစ်ချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးသိန်းမြင့်က Using Myanmar Standards on Audit of Small and Medium Sized Entities ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဩဂုတ် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၁၀ (ကြာသပတေးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၈။ လက်ပံလှတံတား
- ၈:၂၀ ၉။ အကပဒေသာ
- ၈:၃၀ ၁၀။ လက်တွေ့ပြချင်လို့
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

### ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် **(ဇွဲကပင်ယူနိုက်တက်အသင်း နှင့် ဆောက်သမ်းမြန်မာ အသင်း)**
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) စီးပွားရေးပညာ
- ၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၀ ၆။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၉) ငြိမ်းချမ်း၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ (ဒါရိုက်တာ- အောင်ကျော်သူရ)
- ၆:၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၆)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **သွေး** အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး- ကိုညွှန့်ဝေ၊ မောင်ထွန်းမင်း
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (အပိုင်း-၁၃)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၀)

# ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ကြွက်ကျရောက်မှုကြောင့်ပျက်စီးခဲ့သည့် မိုးသီးနှံစိုက်ခင်းများအား နိုင်ငံတော်အစီအစဉ်ဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးပြီးစီး

နေပြည်တော် ဩဂုတ် ၁၈

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးသီးနှံစိုက်ခင်းများတွင် ကြွက်ကျရောက်မှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများက ကြွက်ကျရောက်မှုကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးစသည့် ပညာပေးဆွေးနွေးခြင်း၊ ကြွက်သတ်ဆေးဖြန့်ဝေခြင်းနှင့် သီးနှံအစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ပညာပေး**

မင်းတပ်မြို့နယ်၌ မိုးသီးနှံများ ကြွက်ကျရောက်ဖျက်ဆီးခံရပြီးနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ချင်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မင်းတပ်မြို့နယ်မန်နေဂျာဦးဆောင်၍ မြို့နယ်မြေစာရင်းမှူး၊ သက်ဆိုင်ရာကျေးရွာဥက္ကဋ္ဌများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဇွန် ၁၅ ရက်မှ ၂၄ ရက်အထိ ကျေးရွာအုပ်စုပေါင်း ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၆၃ ရွာသို့ ကွင်းဆင်းစစ်ဆေးပြီး ပျက်စီးခဲ့သည့်သီးနှံ ၃၈၇ ဒသမ ၄၃ ဧက၌ သီးနှံအစားထိုးစိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် တောင်ယာစပါး ၂၉၇ ဒသမ ၄၃ ဧက၊ ဆပ် ဧက ၉၀ စုစုပေါင်း ၃၈၇ ဒသမ ၄၃ ဧက အစားထိုးစိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ထို့ပြင် ကြွက်ကျရောက်ခဲ့သည့် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာ ၆၃ ရွာရှိ တောင်သူ ၅၇၈ ဦးနှင့် ဆယ်လယ်မှူး ၅၈ ဦးတို့အား ကြွက်ကျရောက်မှုအပေါ် ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်း၊ ထောင်ချောက်ဖြင့် ဖမ်းဆီးခြင်းလုပ်ငန်းများကို ပညာပေးပြသဆွေးနွေးကာ ကြွက်သတ်ဆေး ၃၂၅ ဘူး ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရောဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဩဂုတ် ၁၈

**ရောဝတီတိုင်းတွင် ဩဂုတ် ၁၇ ရက်အထိ မိုးစပါး ၃၅၂၃၀၈၁ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၈-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသော တရားတော်
- ၆:၅၀ ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၂)
- ၈:၃၅ 7 Golden Girls Live Show အကြိုပြင်ဆင်နေမှုများ
- ၈:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်**
- ၉:၁၅ Activities in the City (Asia Winner Industrial Ltd., နှင့် Incepta Pharmaceutical Ltd., တို့၏ ဆေးမိတ်ဆက်ပွဲ)
- ၉:၂၀ အယသမ်ဂီတို့ဖြစ်တည်ရာ····
- ၉:၃၀ Science For All (TITANIC ကပေးတဲ့ နည်းပညာဆိုင်ရာ သင်ခန်းစာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
- ၁၀:၀၀ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့်သာသနာ
- ၁၀:၁၀ ဂီတသရုပ်ပြခန်း (တေးသံရှင်စိုးပိုင်-စိတ်နဲ့စိမ်းတယ်လို့ မှတ်မှာလား)
- ၁၀:၃၅ Activities in the City (MAMEE ကံစမ်းမဲ ဆုချီးမြှင့်ပွဲ)
- ၁၀:၅၅ The Champion of Dance
- ၁၁:၂၅ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီဂီမြင့်၊ မေကဗျာ)
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် [(မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတုနှင့် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း၏ (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ)]
- ၁၂:၁၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၂:၄၅ အံ့မခန်းမြန်မာ့ပန်းပုပညာရှင် ရွှေကူတံကဲတော်ကြီး
- ၁:၀၀ အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ 2010 Summer Youth Olympics
- ၃:၂၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၂)
- ၄:၀၅ သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၄:၄၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး)
- ၄:၅၀ Activities in the City (Asia Winner Industrial Ltd.,၊ Incepta Pharmaceutical Ltd., တို့၏ ဆေးမိတ်ဆက်ပွဲ)
- ၅:၀၅ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် Southern Myanmar F.C
- ၅:၃၅ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဘဝများ (ဝဏ္ဏခွာနီး)
- ၆:၅၀ Shooting Making (ချစ်လိုက်ရတာ လက်ကုန်ပဲ)
- ၇:၀၀ 2010 Summer Youth Olympics
- ၇:၃၀ ဈေးဝယ်လမ်းညွှန် (စိန်နန်းတော် Jewellery Center)
- ၇:၄၅ 7 Golden Girls Live Show အကြိုပြင်ဆင်နေမှုများ
- ၈:၀၀ MRTV-4သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်စိုးပိုင်-စိတ်နဲ့စိမ်းတယ်လို့ မှတ်မှာလား)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၂)
- ၁၀:၀၀ The Champion of Dance
- ၁၀:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်**
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (စိန်နန်းတော် Jewellery Center)
- ၁၁:၁၀ Sports World
- ၁၁:၃၅ Shooting Making (ချစ်လိုက်ရတာ လက်ကုန်ပဲ)
- ၁၁:၄၅ သဖန်းဆိပ် ဘက်စုံရေလှောင်တမံ
- ၁၁:၅၅ **ဆီးချိုသွေးချိုကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

# ၂၀၁၀လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ

❖ စုစည်းရေးသားသူ - အာကာကျော် ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

စင်ကာပူ ဩဂုတ် ၁၈

**၂၀၁၀လူငယ်အိုလံပစ်အားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ဩဂုတ် ၁၈ရက်ကကျင်းပသော အမျိုးသမီးအလေးမပြိုင်ပွဲ ၅၃ကီလိုတန်း၌ ဘူလ်ဂေးရီးယားမှ ကိုစတိုဗာက ၁၉၂ကီလိုဂရမ်မပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ အသက် ၁၇နှစ်အရွယ်ရှိ ဒေဝီဆာဖီထရိုင်းက အင်ဒိုနီးရှားနိုင်ငံအတွက် ပထမဆုံး ကြေးတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။**

ဒေဝီသည် ယင်းပြိုင်ပွဲ၌ ၁၇၁ ကီလိုဂရမ်အထိသာ မတင်နိုင်ခဲ့သည်။ ၄င်းပြိုင်ပွဲတွင် တရုတ် (တိုင်ပေ)မှ ကူစင်ချွမ်းက ၁၇၄ကီလို ဂရမ် မပြီး ငွေတံဆိပ်ယူခဲ့သည်။



**ဒေဝီဆာဖီထရိုင်း ယှဉ်ပြိုင်ကစားဟန်။**

**အလေးမ**

ရုရှားမှ အာထရပ်အိုကိုလတ်က အမျိုးသား ၇၇ကီလိုတန်း အလေးမပြိုင်ပွဲတွင် နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။

**လှေလှော်**

အမျိုးသား နှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲတွင် ဆလိုဗေးနီးယားမှ ဂရေ့စ်နှင့် ဂရိဂါတို့အတွဲက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး နှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲတွင် ဗြိတိန်မှ ကျော်ဂျီယာ

**နှစ်တက် လှေလှော်ပြိုင်ပွဲ ရွှေတံဆိပ်ရှင် ရိုလန်ဒက် မာဆင်ကက် အောင်နိုင်မှုအတွက် ဤသို့ ဂုဏ်ယူဝင့်ကြွားခဲ့သည်။**



ဟောဝပ်မာရီလ်နှင့် ဖီအိုနာဂမ်းမွန်းတို့အတွဲက ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

**ရေကူး**

သြစတြေးလျနိုင်ငံမှ နီကိုလတ် စချာဖာက အမျိုးသားမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် စံချိန် တစ်မိနစ်နှင့် ၁၁ဒသမ ၃၈စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ အမျိုးသမီးလေးယောက်တွဲ မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲတွင် သြစတြေးလျ အမျိုးသမီးများက ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

**စက်ဘီးပြိုင်ပွဲ**

၂၀၁၀ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲတွင် ပေါ်တူဂီနိုင်ငံမှ ရာဖေးလ်ဖက်ဒါရာရိစ်က အမျိုးသားစက်ဘီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**တန်းကျော်ပြေးပွဲ**

အမျိုးသား မီတာ ၁၁၀တန်းကျော် ပြေးပွဲတွင် တရုတ်နိုင်ငံမှ ဝမ်ဒေါင်ကျင်းက ဗိုလ်စွဲခဲ့ကြောင်း သိရသည်။ လစ်သူရေးနီးယားမှ အသက် ၁၈နှစ် အရွယ်ရှိ



**မီတာ ၁၁၀တန်းကျော် ပြေးပွဲတွင် တရုတ်မှ ဝမ်ဒေါင်ကျင်း ယှဉ်ပြိုင်စဉ်။**



**ဆလိုဗေးနီးယားမှ ဂရေ့စ်နှင့် ဂရိဂါတို့ ပန်းဝင်အပြီး ဤသို့ အောင်ပွဲခံခဲ့သည်။**

ရိုလန်ဒက်မာဆင်ကက်သည် နှစ်တက် လှေလှော်ပြိုင်ပွဲတွင် ဂျာမနီမှ ကမ္ဘာ့ဂျူနီယာချန်ပီယံ ဖီးလစ်ဘတ်ကို ကျော်ဖြတ် ပြီး စံချိန် ၃မိနစ် ၁၃ဒသမ ၈၂စက္ကန့်ဖြင့် ပန်းဝင် ဗိုလ်စွဲသွားသည်။

ဖီးလစ်သည် ယင်းပြိုင်ပွဲတွင် ၃မိနစ် ၁၆ဒသမ ၂၃စက္ကန့်ဖြင့် ငွေတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး တစ်ဦးချင်း နှစ်တက် လှေလှော်ပြိုင်ပွဲတွင် ဂျာမနီမှ ဂျူးဒစ်ဆီဗားစ်က ယူကရိန်းမှ ပြိုင်ဘက်နာတယ်လီယာကို မီတာ ၂၀ ချန်ပြီး ကျော်တက်ကာ စံချိန် ၃မိနစ် ၄၄ဒသမ ၂၁စက္ကန့်ဖြင့် ရွှေတံဆိပ်ရခဲ့သည်။ နာတယ်လီယာက ၃မိနစ် ၄၄ဒသမ ၆၃ စက္ကန့်ဖြင့် ငွေတံဆိပ်ရသည်။

စင်ကာပူနိုင်ငံမှ အသက် ၁၈နှစ်အရွယ်ရှိ ရိန်းနားက အမျိုးသားမီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ၂၆ဒသမ ၄၅ စက္ကန့်ဖြင့် ငွေတံဆိပ်ဆွတ်ခူးပြီး ထရီနီဒက်နှင့် တိုဘာဂိုမှ ခရစ္စတီယန်ဟိုမာက ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ။

**ကိုးကား - အင်တာနက်**



**ရုရှားမှ အာထရပ် အိုကိုလက် ယှဉ်ပြိုင်မှု။**

**မြန်မာ့အလင်း နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ**

# တစ်သက်တာရုပ်ရှင်ထူးချွန်ဆုရှင် ဂျူလီယာရောဘတ်

➤ စုစည်းရေးသားသူ – ကောင်းမြတ်သူ ⮜

*မက်ဒရစ် ဩဂုတ် ၁၈*



*ဟောလိဝုဒ် သရုပ်ဆောင် မင်းသမီး ဂျူလီယာရောဘတ်သည် လာမည့်လတွင် စပိန်နိုင်ငံမြောက်ပိုင်း၌ ကျင်းပမည့် ဆန်စီဘက်စတီယန် နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ကာ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုကို လက်ခံယူမည် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပသူများက ပြောကြားသည်။*

*အမေရိကန် ရုပ်ရှင်မင်းသမီး ရောဘတ်သည် အဆိုပါရုပ်ရှင်ပွဲတော်သို့ တက်ရောက်ကာ အမေရိကန် ရုပ်ရှင်ဒါရိုက်တာ ရိုင်ယန်မာဖီနှင့် စပိန်သရုပ်ဆောင်မင်းသား ဂျာဗီယာဘာဒမ်းတို့နှင့်အတူ သူမ၏ နောက်ဆုံး ရိုက်ကူးထားသော* ***"Eat Pray Love"*** *ရုပ်ရှင်ဇာတ်ကား မြှင့်တင်ရေးပွဲ ပြုလုပ်မည်ဟု ဆိုသည်။*

*သရုပ်ဆောင်*

*အဆိုပါ ဇာတ်ကားသည် အယ်လီဇဘက်ဂေးလ်ဘတ်၏ဝတ္ထုကို အခြေခံထားပြီး အိမ်ထောင်ရေး ဇာတ်လမ်း ဖြစ်သည်။ ရောဘတ်သည် အီတလီ၊ အိန္ဒိယနှင့် ဘာလီသို့ သွားရောက်သည့် ကမ္ဘာလှည့်ခရီးသည်အဖြစ် သရုပ်ဆောင်ထားသည်။*

*ဆွတ်ခူး*

*အသက် ၄၂နှစ်အရွယ်ရှိ ရောဘတ်သည် ၁၉၉၀ပြည့်နှစ်က* ***" Pretty Women"*** *ဇာတ်ကားဖြင့် ဟောလိဝုဒ်တွင် နာမည်ကျော်ကြားလာခဲ့သူဖြစ်သည်။ သူမသည် ၂၀၀၁ခုနှစ်က* ***"Erin Brockovich"*** *ဇာတ်ကားဖြင့် အကောင်းဆုံး သရုပ်ဆောင်မင်းသမီးဆု အော်စကာဆု ဆွတ်ခူးရရှိခဲ့သည်။*

*သူမသည် အိမ်ထောင်သည်ဖြစ်ပြီး ကလေးသုံးယောက်၏ မိခင်ဖြစ်သည်။ သူမသည် စက်တင်ဘာ ၂၀ရက်တွင် စပိန်နိုင်ငံ၌ ကျင်းပမည့် အဆိုပါ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ကာ တစ်သက်တာအကောင်းဆုံး ရုပ်ရှင်ဆုကို လက်ခံယူမည် ဖြစ်သည်။*

*ကျင်းပမည်*

*ဆန်စီဘက်စတီယန် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို လာမည့်စက်တင်ဘာ ၁၇ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်သည်။*

*အဆိုပါဆုကို ၁၉၈၇ခုနှစ်နောက်ပိုင်းတွင် ဗြိတိသျှအမျိုးသား ရုပ်ရှင်သရုပ်ဆောင် ဆာလန်မက်ကလင်းက လည်းကောင်း၊ အမေရိကန် အမျိုးသား သရုပ်ဆောင်များ ဖြစ်ကြသည့် ဂလင်းဖို့ဒ်နှင့် ဘီးတယ်ဒေးဗစ်တို့က လည်းကောင်း၊ အမေရိကန် ဒါရိုက်တာများဖြစ်ကြသည့် ဖရန့်ဆစ်ဖို့ဒ်ကော်ပိုလာနှင့် ဝူဒီအယ်လင်တို့က လည်းကောင်း ဆွတ်ခူးခဲ့ကြသည်။* *(အင်တာနက်)*

# ပဲခူးတိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၈

**ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၇ရက်က မိုးညိုမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်သည်။**

ရှေးဦးစွာ တိုင်းဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက မိုးစပါးရေတော်မိုးတော် ကွင်းပိတ် စိုက်ပျိုးပြီးစီးမှု အစီရင်ခံစာများကို တိုင်းဒုတိယဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

## ငါးမျိုးစိုက်ထည့်

ဆက်လက်၍ တိုင်းဒုတိယဥက္ကဋ္ဌသည် ညောင်ပိုင်းကျေးရွာမှ တောင်သူတစ်ဦး၏ မိုးစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးစုံကို စိုက်ထည့်ပေးသည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အလိုက် နှစ်သိမ့်ဆု၊ တတိယဆုနှင့် ဒုတိယဆုရမြို့နယ်အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသည့် ကြို့ပင်ကောက်မြို့နယ်အသင်းအား တိုင်းဒုတိယဥက္ကဋ္ဌက တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်သည်။

## လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းဒုတိယဥက္ကဋ္ဌသည် မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား အလှူငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဝမ်းတွင်းမြို့နယ်၌ဖွင့်

**ဝမ်းတွင်း ဩဂုတ် ၁၄**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇူလိုင် ၂၈ရက် နံနက်၁၀နာရီက မြို့နယ် ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဥပဒေအရာရှိ ဦးအေးသိန်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်ဌေးက မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း၊ မြို့နယ် ပညာရေးမှူး ဦးအုန်းမောင်က မဲစာရင်း စစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရပ်ကွက်၊ ကျေးရွာကော်မရှင် လုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း ရှင်းလင်းပို့ချသည်။

## ဆွေးနွေးမေးမြန်း

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေးမေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား နေပြည်တော်တပ်ကုန်း၌ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဆိုင်းဘုတ်တင် ဖွင့်ပွဲကို ဩဂုတ်၁၃ရက် နံနက်၇နာရီက နေပြည်တော် တပ်ကုန်းမြို့မရဲစခန်းအနီးရှိ လမ်းဆုံ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန အာဟာရ ဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထင်လင်း၊ ဒေါက်တာသက်မျိုးတင်၊ UNICEF မှ ဒေါက်တာကျော်ဝင်းစိန်၊ နေပြည်တော်တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်နှင့် အသင်းဝင်များ တက်ရောက်ကြသည်။

## ဆေးတိုက်ကျွေး

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးနှင့် သန်ချဆေးပြားကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော် **(အောက်ပုံ)** နှင့် အဖွဲ့ဝင်များက တိုက်ကျွေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းနှင့် အသင်းဥက္ကဋ္ဌအဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြား၊ အနီးပိတ်၊ တစ်ခါသုံး မွေးအိတ်များ ပေးအပ်ကြသည်။

(ဝ၉၁)



# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် တောင်ကြီး၌ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) (၁၉)ကြိမ်မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၉နာရီခွဲက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်၊ အမျိုးသမီးနှင့် ကလေးဆေးရုံအုပ် ဒေါက်တာသိင်္ဂီညွန့်၊ သားဖွားမီးယပ်အထူးကု ဆရာဝန် ဒေါက်တာချယ်ရီစန်း၊ မွေးကင်းစကလေး အထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းသိန်း၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြု ဆရာမများ၊ ကလေးနှင့် မိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

## ဟောပြော

ရှေးဦးစွာ ရှမ်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သားဖွားမီးယပ်အထူးကုဆရာဝန်ဒေါက်တာချယ်ရီစန်းက မိခင်နို့စနစ်တကျ တိုက်ကျွေးရေးအကြောင်း ဟောပြော၍လည်းကောင်း၊ မွေးကင်းစ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းသိန်းက မွေးကင်းစကလေးငယ်များအတွက် မိခင်နို့တိုက်ကျွေးရေး အကြောင်းများကိုလည်းကောင်း ဟောပြောကြသည်။

(၁၈၉)

# မြို့နယ် သတင်း ထွေတလာ

**မကွေးတိုင်း နတ်မောက်မြို့နယ် မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။**(မြို့နယ်စည်ပင်)





# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးနည်းပြသင်တန်း တာလေမြို့၌ဖွင့်

**တာချီလိတ် ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ (တာချီလိတ်)နှင့် ဝေါလ်ဗီးရှင်းမြန်မာ(တာချီလိတ်) တို့ ပူးပေါင်းဖွင့်လှစ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နည်းပြသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၃ရက် နံနက် ၉နာရီက တာချီလိတ်ခရိုင် တာလေမြို့ သီရိကျေးရွာ၌ ကျင်းပသည်။ အစီအစဉ်အရ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး မြင့်နိုင်က အမှာစကားပြောကြားသည်။

**(အပေါ်ပုံ)**

## တက်ရောက်

ဆက်လက်ပြီး တာလေရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကျော်စိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာများနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ သင်တန်းဖွင့်ပွဲသို့ တာလေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် ဌာနဆိုင်ရာများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဝေါလ်ဗီးရှင်းဝန်ထမ်းများ တက်ရောက်ကြသည်။

## ရှင်းလင်းဆွေးနွေး

သင်တန်းကိုဩဂုတ်၁၃ရက်မှ၁၅ရက်အထိ ကျင်းပခဲ့ပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ (တာချီလိတ်) မှ ဒုတိယရဲအုပ်မင်းခိုင်နှင့် ဝေါလ်ဗီးရှင်းမြန်မာ (တာချီလိတ်)မှ ဒေသဖွံ့ဖြိုးရေး အစီအစဉ် မန်နေဂျာ ဦးညွန့်အောင်တို့က လူကုန်ကူးမှု ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူး ခံရသူများအား ကာကွယ်ပေးရေး စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ကြသည်။ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၄၀ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



# ကော့မှူး၌ စုပေါင်းအလှူပွဲကျင်းပ

**ကော့မှူး ဩဂုတ် ၁၃**

ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ အလှူရှင်များက စုပေါင်းအလှူပွဲကို ဩဂုတ် ၁၀ရက် နံနက် ၁၀နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့ပေါ်ကျောင်းတိုက် ၁၉တိုက်မှ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# ပန်းအလှပင်များ စိုက်ပျိုး

**ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများ ဇူလိုင် ၂ရက်က ကျောက်တော်မြို့ မြို့သစ်ရပ်ကွက် သာသနာ့ဗိမာန်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဦးအောင်ဇံဝေလမ်း ရေစီးရေလာကောင်းရေးနှင့် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# လမ်းသားအကျယ်တိုးချဲ့ အဆင့်မြှင့်တင် ကတ္တရာခင်းလုပ်ငန်း

## မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး



မန္တလေး ဩဂုတ် ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် ဩဂုတ် ၄ နံနက် ၈နာရီခွဲက အောင်မြေသာစံမြို့နယ် ၂၆လမ်းနှင့် ၆၃လမ်းဆုံသို့ ရောက်ရှိလာရာ လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာများက ၂၆လမ်းတစ်လျှောက် ၆၂လမ်းမှ ၆၆လမ်းအထိ မူလလမ်းသားအကျယ် ၃၄ပေမှ ပေ၆၀ အထိ လမ်းသားတိုးချဲ့ အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းကျင်းနိုင်ရေးနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ (ယာပုံ)

### ဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၂၆လမ်းကို ၆၂လမ်းမှ ၆၆လမ်းအထိ စက်ယန္တရားကြီးများ အသုံးပြု၍ လမ်းသားတိုးချဲ့အဆင့်မြှင့်တင်ကတ္တရာလမ်းခင်းကျင်းနိုင်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတစ်လျှောက် ၆၂လမ်း သိပ္ပံလမ်းအဝိုင်းမှ မန္တလေး-ပြင်ဦးလွင်ကားလမ်း အောင်ပင်လယ်အဝိုင်းအထိ အကျယ် ပေ၅၀၊ အရှည်ပေ ၅၉၇၀ကို လမ်းသားတို့ချဲ့ ကတ္တရာလမ်းအဆင့်မြှင့်တင် ခင်းကျင်းနိုင်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၃၁၃)

# ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းအလှူပွဲ

ရန်ကုန် ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ စုပေါင်းအလှူပွဲနှင့် သင်္ဃန်းကျွန်းမြို့နယ် ဆားကန်ကျောင်းတိုက် နန်းဦးဒက္ခိဏသာခါ ပြည်တော်ပြန် ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်ကြီး မဟာသာသနာ့ဗိမာန်တော် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီခွဲက ရွှေတိဂုံဘုရား မြောက်ဘက်မုခ် ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ ပြက္ခဒိန်တော်အကြံပေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပုညနိမ္မိတာရာမရွှေသုဝဏ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသဒ္ဓိယအရှင်သူမြတ်နှင့် သံဃာတော် အရှင်သူမြတ်တို့အား ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း-ဒေါ်တင်တင်မိုးနှင့် ဝန်ထမ်းမိသားစုများက စုပေါင်းအလှူနှင့်အတူ ပြည်တွင်းအခွန်များဦးစီးဌာန ဗုဒ္ဓဘာသာအသင်း၏ အလှူငွေကျပ် သိန်း ၁၀၀ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။





### ကြာမြင့်မည်

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (ဝဲပုံ) အဆိုပါသင်တန်းသို့ လက်ထောက်မန်နေဂျာ ၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယုဇနပလာဇာ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၁၈

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၃၆)ကြိမ်မြောက် တတိယနှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီတွင် ပန်းလှိုင်ဂေါက်ကွင်း (လှိုင်သာယာ)၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်နိုင်သည်။ ဦးချစ် ဖုန်း-၀၉-၅၁-၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁-၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (မြန်မာ့အလင်း)



# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

သီပေါ ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီက သီပေါမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဆေးစိမ်ခြင်ထောင်နှင့် အသုံးပြုအိပ်စက်ရေး စသည့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။

### ကွင်းဆင်းဆောင်ရွက်

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ မြို့ပေါ် ၁၁ရပ်ကွက်ရှိ အိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များ၌ ပိုးလောက်လမ်းနှင့် ပိုးမွှားကာကွယ်ရေးအတွက် ဆေးခတ်ခြင်းနှင့် ခြင်မခိုအောင်းနိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ (အပေါ်ပုံ) (၀၂၀)

# မြို့နယ်သတင်း ထွေတလာ

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖယ်ခုံမြို့၌ ဖွင့်ပွဲအခမ်းအနားကျင်းပ

ဖယ်ခုံ ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်ကျန်းမာရေးဦးစီးဌာန၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အသိပေးရှင်းလင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကပ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကျော်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း အသိပေးရှင်းလင်းပြောကြားသည်။

### ဆေးတိုက်ကျွေး

ဆက်လက်၍ ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ဗီတာမင်အေနှင့် သန်ချဆေး၊ သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးသည်။ ထို့နောက် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းကို လက်တွေ့သရုပ်ပြပြီး အာဟာရပညာပေးလှုပ်ရှားမှု လက်ကမ်းစာစောင်များဝေ၍ ကလေးများနှင့် မိခင်များအား ဆေးတိုက်ကျွေး၍ ဆေးများ ဝေငှကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများတွင် ကတ္တရာလမ်းပေါက် ဖာထေးခြင်းကို ဇူလိုင် ၆ရက်က လက်ထောက်အင်ဂျင်နီယာ ဦးခင်ဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)



## သောက်သုံးရေကန် သန့်ရှင်းရေးဆောင်ရွက်

ဆီဆိုင် ဩဂုတ် ၁၀

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့မလူထုသောက်သုံးရေကန်ကြီး စုပေါင်းသန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ မြို့မ ၆ရပ်ကွက် အပါအဝင် ကျေးရွာသုံးရွာတို့မှ ဒေသခံပြည်သူများ ဇူလိုင် ၂၃ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။ အဆိုပါရေကန်ကြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ (ဝဲပုံ) (၀၁၅)



ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း အင်နက်ကျေးရွာအုပ်စု တမာခေါ်ကျေးရွာတွင် တစ်လက်မခွဲ တွင်းတိမ်တစ်တွင်း တူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်စိုးတို့ ဩဂုတ် ၂ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး

## လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့ ကိုယ်စားလှယ်လောင်းအနိုင်ရရှိရန် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းများကို ပြုလုပ်ကြရာ၌ ကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရမည်

နေပြည်တော် ဩဂုတ် ၁၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၉၁/၂၀၁၀)

၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်
(၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ ၁၈ရက်)

### လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၃-၈-၂၀၁၀ရက်စွဲပါ ကြေညာချက်အမှတ် (၈၉/၂၀၁၀)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီး ဖြစ်ပါသည်။ ထို့အပြင် ၁၃-၈-၂၀၁၀ရက်စွဲပါ ကြေညာချက်အမှတ် (၉၀/၂၀၁၀)ဖြင့် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်နှင့် အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက်များကိုလည်းကောင်း၊ အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်ကိုလည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသည့် နိုင်ငံရေးပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည်လည်းကောင်း မိမိတို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးကို ရှေးရှုလျက် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုအား ဟောပြော၊ ရေးသားတင်ပြ မဲဆွယ်စည်းရုံးလိုပါက ဤကြေညာချက်ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ကြရန်ဖြစ်သည်။

**ဆောင်ရွက်ရန်နည်းလမ်းများ**

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း၊

(ခ) ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ●

19-8 (20).pmd 1 8/19/2010, 2:22 AM